# Workshop on the Improvement of Proposal/ Endorsement Assessment [1]

Posted on 17 July 2018

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး(ရုံးချုပ်) တွင်  ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့၌ ရင်းနှီးမြှုပ်နှံမှု အဆိုပြု/အတည်ပြုလွှာများ စိစစ်ရေးနှင့် ပတ်သက်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲအား  ကျင်းပခဲ့ရာ  ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင် အပါအဝင်  အဆိုပြုချက်စိစစ်ရေးအဖွဲ့ဝင်များ နှင့် ရန်ကုန်(ရုံးချုပ်)မှ အရာထမ်းများ စုစုပေါင်း (၃၅) ဦး တက်ရောက်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ Mr. MATSUI

Yoichi, Chief Advisor မှ ဦးဆောင်၍ ရင်းနှီးမြှုပ်နှံမှု အဆိုပြု/အတည်ပြုလွှာများ စိစစ်ရေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပါသည်။

အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative